[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**ဖေဖော်ဝါရီလ ၂၉ ရက်၊ ၂၀၂၄ ခုနှစ်**

**ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဖေဖော်ဝါရီလ ၁၂- ၂၅ ရက်နေ့ထိ၊၂၀၂၄ ခုနှစ်**

**ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း**

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ - ဖေဖော်ဝါရီလ ၁၁ ရက်၊ ၂၀၂၄ | ဖေဖော်ဝါရီလ ၁၂ - ၂၅ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၅၀၈ | ၃ | ၅၁၁ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၃ | | ၃၇၃ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၅၆၃ | ၁ | ၅၆၄ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၄၁၉ | ၅ | ၁၄၂၄ |
| | ဒီးမော့ဆိုမြို့နယ် | ၆၄၅ | | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၈၂ | | ၃၈၂ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ အထိ ၂၀၂၄** | **IDPs အသစ် ဖေဖော်ဝါရီလ ၁၂-၂၅ ရက်၊ ၂၀၂၄ ခုနှစ်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၈၂၆၁၅** | | **၂၈၂၆၁၅** |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဖေဖော်ဝါရီလ ၁၂-၂၅ ရက်နေ့ထိ၊၂၀၂၄ ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
Nam Thabet
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှားတော
ဒီးမော့ဆို
ဖရူဆို
ဘောလခဲ
ရွာသစ်
ဖါးဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ဘီပီ - ၉
#၁
ဘီပီ - ၁၀
ဘီပီ - ၁၁
#၂ ထိုင်းနိုင်ငံ
ဘီပီ - ၁၂
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
အညွှန်း
မြို့နယ်
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများ
လေကြောင်းဗုံးကြဲတိုက်ခိုက်မှု
KA + KNDF + KNPLF + LPDF နှင့် စကစ တိုက်ပွဲနေရာများ
သိမ်းပိုက်ခြင်းခံ (သို့) ဆုတ်ခွါသွားသောတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

**စကစ၏ လေကြောင်းနှင့် လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်မှုများကြောင့် အရပ်သား ၃ဦးသေဆုံး၊ ရှားတော၊ လွိုင်ကော်နှင့် ဖယ်ခုံတို့တွင် အပျက်အစီးများ**

ဖေဖော်ဝါရီလ လလယ်အချိန်တွင် ရှားတောမြို့တွင် အခြေစိုက်ထားသော စစ်ဗျူဟာကုန်းအား ကရင်နီပူးပေါင်းတပ်များမှ သိမ်းပိုက်လိုက်သည့်အပြင် ရှားတောမြို့နယ် သံလွင်မြစ်အရှေ့ဘက်ကမ်းတွင် ရှိသော စစ်ကောင်စီတပ်စခန်း ၂ ခုအား ၎င်းတပ်မှ ဆုတ်ခွါသွားခဲ့သည်။ စစ်ကောင်စီမှ လေကြောင်းအပြင် လက်နက်ကြီးများဖြင့် တုန့်ပြန်တိုက်ပြန်တိုက်ခိုက်သည့်အတွက် အရပ်သား ၃ ဦး ထိမှန်သေဆုံးသွားခဲ့၍ ရှားတော၊ ဖယ်ခုံနှင့် လွိုင်ကော်တို့တွင် ထိခိုက်ပျက်စီးမှုများပြားခဲ့သည်။

ဖေဖော်ဝါရီလ ၁၂ ရက်၊ နံနက် ၆ နာရီအချိန်တွင် ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ရှားတောမြို့အတွင်းရှိ စစ်ကောင်စီဗျူဟာကုန်းအား တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဘက်မှ ဗိုလ်မှူးကြီး၊ ဒု-ဗိုလ်မှူးကြီး၊ ဗိုလ်မှူး၊ ဒု-ရဲအုပ်များအပါအဝင် စစ်ကောင်စီတပ်ဖွဲ့ဝင်ပေါင်း ၁၆၀ ကျော်သေဆုံးကာ စစ်သုံ့ပန်း ၂၉ ဦးကိုလည်း ဖမ်းဆီးရမိသည်။ ကရင်နီပူးပေါင်းတပ်ဖွဲ့ဘက်မှ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် ရဲဘော် ၃ ဦးကျဆုံးသွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားနေချိန်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် အကြိမ် ၂၀၀ ကျော် ပစ်ခတ်ခဲ့သည့်အတွက် ပျက်စီးမှု များပြားခဲ့သည်။

ဖေဖော်ဝါရီလ ၁၃ ရက်၊ နေ့လည် ၂ နာရီ ၃၀ မိနစ်အချိန်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဖယ်ခုံအခြေစိုက် စစ်ကောင်စီတပ်သည် ဖယ်ခုံမြို့နယ်၊ ရွှေစမ်းကျေးရွာအား လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်သည့်အတွက် အသက် ၁၇ နှစ်အရွယ်ရှိ စစ်ဘေးရှောင် ကျောင်းသူတစ်ဦးအပါအဝင် အသက် ၃၀ နှစ်နှင့် အသက် ၅၀ အရွယ်ရှိ ဒေသခံ အမျိုးသမီး ၃ ဦး ထိမှန်သေဆုံးသွားခဲ့သည်။ ထိုတစ်ရက်အတွင်း ကရင်နီပြည်၊ ရှားတောမြို့နယ်မှ သံလွင်အရှေ့ဘက်ကမ်းတွင် ရှိသော စစ်ကောင်စီတပ်စခန်းနှစ်ခုဖြစ်သည့် ခမရ ၁၃၅ နှင့် ၅၄ တပ်စခန်းများအား စစ်ရဟတ်ယာဉ်ဖြင့် လေးကြိမ် လာရောက်ခေါ်ဆောင်သွားခဲ့ပြီး ၎င်းတပ်မှ ဆုတ်ခွါသွားခဲ့သည်။


စကစမှ လွိုင်ကော်မြို့အား မီးလောင်ဗုံးများဖြင့် တိုက်ခိုက်



ရှားတောမြို့နယ်အတွင်းရှိ စကစ တပ်စခန်း ၂ ခု တပ်မှ ဆုတ်ခွါ

ဖေဖော်ဝါရီလ ၁၄ ရက်၊ ဒီးမော့ဆို-မော်ချီး-မယ်စဲ့ ယာဉ်လိုင်းအား ကရင်နီပြည်နယ် ကြားကာလ ပြည်သူ့အုပ်ချုပ်ရေးကောင်စီမှ စတင်ပြေးဆွဲနေပြီဖြစ်ပြီး တစ်ပတ်လျှင် ၄ ရက်ဖြင့် ပြေးဆွဲမည်ဖြစ်သည်။

ဖေဖော်ဝါရီလ ၂၁ ရက်၊ နံနက်ပိုင်းအချိန်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လွိုင်ကော်မြို့အား စစ်ကောင်စီတပ်များမှ ဒရုန်းများဖြင့် မီးလောင်ဗုံးများနှင့် တိုက်ခိုက်ခဲ့သည့်အပြင် လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည့်အတွက် ရွှေတောင်၊ မင်္ဂလာ၊ ပိုးဇာခြံစသည့် ရပ်ကွက်ထဲရှိ နေရာ ၅ နေရာအား မီးလောင်ပျက်စီးသွားခဲ့သည်။ ထိုတရက်အတွင်း နံနက် ၈ နာရီအချိန်တွင် ဒီးမော့ဆိုမြို့နယ်အတွင်း နေအိမ်သန့်ရှင်းရေးပြန်လည်လုပ်ဆောင်နေသော အသက် ၃၀ အရွယ်ရှိ အမျိုးသားတစ်ဦးသည် မြေမြှုပ်မိုင်းနင်းမိပြီး ညာဘက်ခြေထောက်ဆုံးရှုံးလိုက်ရသည့်အပြင် လက်၊ မျက်နှာနှင့် ဝမ်းဗိုက်တွင်လည်း ထိမှန်ဒဏ်ရာ ရရှိသွားခဲ့သည်။


**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com